BURMESE

Mr. Diijon DaCosta Sr., ဘုတ် ဥက္ကဌ
Mrs. Deirdre P. Pierce, ဒု ဥက္ကဌ
Mrs. Anna Hill
Mrs. Whitney McGinniss
Ms. Allyson Gevertz
Mrs. Vickie B. Turner
Dr. Joyce Morley

Dr. Devon Q. Horton ၊ ကြီးကြပ်သူဌာနမှူး

စက်တင်ဘာလ 8 ရက်၊ 2023 ခုနှစ်

ခင်မင်လေးစားအပ်ပါသော DeKalb ကောင်တီ ခရိုင်ကျောင်း အသိုင်းအဝိုင်းသို့

ကျွန်ုပ်တို့၏ကျောင်းအသိုင်းအဝိုင်းအတွင်း နောက်ထပ်စိတ်ပျက်စရာကောင်းသော ဆုံးရှုံးမှုသတင်းကို ယခုတစ်ပတ်တွင် ဒုတိယအကြိမ်အဖြစ် ရေးလိုက်ရသည့်အတွက် အလွန်ဝမ်းနည်းမိပါသည်။ အစောပိုင်းတွင်၊ ဝမ်းနည်းဖွယ်မော်တော်ယဉ် မတော်တဆမှုကြောင့် Lakeside အထက်တန်းကျောင်းမှ ကျောင်းသားသုံးဦး အချိန်မတန်မီ သေဆုံးသွားခြင်းအတွက် ကျွန်ုပ်တို့ ဝမ်းနည်းကြေကွဲခဲ့ပါသည်။ ယခုအခါ လုံခြုံမှုမရှိသောလက်နက်တစ်ခုပါဝင်သည့် အဖြစ်အပျက်တစ်ခုကြောင့် Rock Chapel မူလတန်းကျောင်းသူလေးတစ်ဦး ဆုံးရှုံးခြင်းကို ကျွန်ုပ်တို့ ရင်ဆိုင်နေရပါသည်။

ဤဆုံးရှုံးမှုများသည် ကျွန်ုပ်တို့၏ မျှဝေခံစားနိုင်သော ကျွန်ုပ်တို့၏ လူသားချင်းစာနာမှု၏ အဓိကအချက်ဖြစ်ပြီး ပူဆွေးသောကခံစားမှုကို ခံစားရခြင်းသည် သဘာဝဖြစ်သည်။ ခရိုင်တစ်ခုအနေဖြင့် ကျွန်ုပ်တို့၏ ဝမ်းနည်းကြေကွဲမှုနှင့် ဝေးကွာခဲ့ရသူများ၏ မိသားစုများနှင့် မိတ်ဆွေများအတွက် ဆက်လက်၍ စေတနာအပြည့်ဖြင့် ပံ့ပိုးကူညီမှုများ ဆက်လက်ပေးလျှက်ရှိပါသည်။ ဖခင်တစ်ဦးအနေဖြင့် ဤမထင်မှတ်နိုင်သော အဖြစ်ဆိုးများကြားတွင် ကုသခြင်းကို တစ်နည်းတစ်ဖုံ ဖြစ်ပေါ်လာနိုင်မည်ဟု မျှော်လင့်လျက် ကျွန်ုပ်၏ အတွေးများနှင့် ဆုတောင်းချက်များထဲတွင် ၎င်းတို့ကို ဆက်လက် သတိရနေပါသည်။

ကိုရီးယားစကားပုံတစ်ခုက ဤကဲ့သို့သောအချိန်များတွင် ပြောဆိုနေသည်မှာ - " *ကလေးတစ်ဦး သေဆုံးသွားတဲ့အခါ သင်ဟာ အဲ့ဒီကလေးငယ်ကို သင့်နှလုံးသားထဲ ထာဝရ မြှုပ်နှံလိုက်ရတယ်။"* ဤအပတ်တွင် ဆုံးရှုံးသွားသော ကျောင်းသားများသည် DeKalb ကောင်တီ ခရိုင်ကျောင်း၏ ကြွယ်ဝသောသမိုင်းကြောင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ပါမည်။ ကျွန်ုပ်တို့၏စည်းလုံးညီညွတ်မှုနှင့် ခံနိုင်ရည်ရှိမှုအားဖြင့် ဆုံးရှုံးသွားသော အဖိုးတန် ဝိညာဉ်များ၏ အမှတ်ရစရာများကို ဂုဏ်ပြုရန် နည်းလမ်းများ ရှာဖွေမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့ အချင်းချင်းထံမှ ရယူနိုင်သော ခွန်အားဖြင့် ၎င်းတို့၏ အမွေအနှစ်များ ဆက်လက်တည်ရှိ နေစေရန် သေချာစေမည်ဖြစ်သည်။

Rock Chapel မူလတန်းနှင့် Lakeside အထက်တန်းကျောင်းများ မှ ကျောင်းသားများနှင့် ဝန်ထမ်းများအား၊ ကျွန်ုပ်တို့သည် သင့်အတွက် ဤနေရာတွင် ဆက်လက်တည်ရှိ နေကြောင်း ကျေးဇူးပြု၍ သိထားပါ။ ဝမ်းနည်းပူဆွေးမှုသည် ပြင်းထန်သော ကိုယ်ရေးကိုယ်တာခရီးတစ်ခုဖြစ်ပြီး သင့်ကုသမှု အတွက် လိုအပ်သောအကူအညီများ ပေးအပ်ရန် ကျွန်ုပ်တို့ကတိပြုပါသည်။ ယခုသီတင်းပတ်တစ်လျှောက်လုံးတွင် ဝမ်းနည်းပူဆွေးသော အထူးကုဆရာဝန်များသည် လိုအပ်သရွေ့ ဆက်လက်လုပ်ဆောင်မည့် အကြံဉာဏ်နှင့် ပံ့ပိုးကူညီမှုဆိုင်ရာ ဝန်ဆောင်မှုများကို မမောမပန်း သတ္တိရှိရှိ ကူညီပေးနေပါသည်။

DeKalb ကောင်တီ ခရိုင်ကျောင်းသည် ကျောင်းသား 92,000၊ ဝန်ထမ်း 14,000၊ မရေမတွက်နိုင်သောမိသားစုဝင်များနှင့် သက်ဆိုင်သူများ တို့၏ အပြန်အလှန်ဆက်နွယ် နေသောအသိုင်းအဝိုင်းတစ်ခုဖြစ်သည်။ အဖြစ်ဆိုးတွေ ကြုံရတဲ့အခါ ဝမ်းနည်းကြေကွဲရပါသည်၊ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် စိတ်ရင်းမှန်ဖြင့် ကိုယ်ချင်းစာနာမှုနှင့် ကြင်နာမှုတို့ဖြင့် လက္ခဏာရပ် ရှိသော အသိုင်းအဝိုင်းတစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ စစ်မှန်သော ကိုယ်ချင်းစာမှု၊ မယိမ်းယိုင်သော ပံ့ပိုးကူညီမှုနှင့် စာနာထောက်ထားမှု လမ်းညွှန်မှုတို့ဖြင့် ဆုံးရှုံးသွာသောသောချစ်ရသူများကို အတူတကွ ဂုဏ်ပြုပါသည်။

ကိုယ်ချစ်ရသူများအား မိမိတို့အပေါ် သင် မည်သို့ခံစားရသည်ကို မကြာခဏ အသိပေးဖို့ရန် တိုက်တွန်းလိုပါသည်။ ကျွန်ုပ် ပြုလုပ်မည်မှာ ကျွန်ုပ်သိပါသည်။

လေးနက်သော ကိုယ်ချင်းစာတရားများနှင့် မယိမ်းယိုင်သော ပံ့ပိုးကူညီမှုများစွာဖြင့်၊

Devon Q. Horton

Dr. Devon Q. Horton, *ကြီးကြပ်သူဌာနမှူး*
DeKalb ကောင်တီ ခရိုင်ကျောင်းနယ်မြေ

Robert R. Freeman စီမံအုပ်ချုပ်မှု ကွန်းပလက်စ်
1701 Mountain Industrial Blvd. | Stone Mountain၊ GA 30083
678.676.1200 | www.dekalbschoolsga.org